# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 24 , 2025 Volume 96 , Number 14


၂၄-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၀.၉၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၈.၆၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၉.၃၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၃.၈၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၅၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၀၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၇.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၂ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပသို့ ရွှေထည်များ ပြန်ပို့ရန်စီစဉ်နေ



ပြည်ပကို ရွှေထည်၊ လက်ဝတ်ရတနာ၊ ရွှေနဲ့ပြုလုပ်ထားတဲ့ အနုပညာပစ္စည်းနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပြန်လည်တင်ပို့သွားဖို့စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) ကနေ သိရပါတယ်။

၂၀၂၀ ပြည့်နှစ်မတိုင်ခင်က ဂျပန်နဲ့တောင်ကိုရီးယားနိုင်ငံတွေကို ရွှေထည် လက်ဝတ်ရတနာတွေ တင်ပို့ခဲ့ပေမဲ့ အဲဒီကာလနောက်ပိုင်း တင်ပို့မှုတွေ မရှိသလောက် နည်းပါးသွားတဲ့အကြောင်း YGEA တာဝန်ရှိသူကပြောပါတယ်။ အဲ့ဒါတွေကြောင့်ပဲ ရန်ကုန်မြို့မှာရှိတဲ့ ရွှေပန်းတိမ်လုပ်ငန်းလုပ်ကိုင်သူ တစ်သောင်းကျော် အလုပ်လက်မဲ့ ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။

အခုတော့ ပန်းတိမ်လုပ်ငန်း လုပ်ကိုင်သူတွေကို အလုပ်ပြန်ပေးနိုင်ရေးအတွက် ရွှေထည် လက်ဝတ်ရတနာတွေကို ပြည်ပဝယ်လက်နိုင်ငံတွေထံ ပြန်လည်တင်ပို့နိုင်ရေး ပြင်ဆင်နေတာလို့ ပြောကြားချက်အရ သိရပါတယ်။

နိုင်ငံတကာဈေးကွက်မှာလည်း ရွှေထည်နဲ့ပြုလုပ်ထားတဲ့ အဆောင်လက်ဝတ်ရတနာကို ကြိုက်နှစ်သက်တာကြောင့် ဒီဈေးကွက်က ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမယ်လို့ YGEA တာဝန်ရှိသူက ဆိုပါတယ်။ ပြည်ပကို ရွှေထည်တင်ပို့ရာမှာလည်း ၁၂ ပဲရည်နဲ့ ပြုလုပ်ထားတဲ့ ရွှေထည်တွေကို အများဆုံးတင်ပို့ရောင်းချမှာဖြစ်တာကြောင့် အရောင်းအဝယ် အဆင်ပြေနိုင်မယ်လို့ သိရပါတယ်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးမှာ ရွှေဆိုင် ၁၀၀၀ ကျော်ခန့် ခေတ်သတ္တု (ရွှေ) ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရရှိထားပြီး လစဉ်ရွှေဆိုင်အသစ် ၂ ဆိုင်ခန့် ဖွင့်လှစ်လာတယ်လို့ သိရပါတယ်။

နိုဝင်ဘာလ ၁၉ ရက်နေ့မှာ ကမ္ဘာ့ရွှေဈေးနှုန်း (Spot Gold) ဟာ တစ်အောင်စ အမေရိကန်ဒေါ်လာ ၄,၀၇၅ ဈေးရှိနေချိန် ခေတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးကော်မတီက စံချိန်မီရွှေတစ်ကျပ်သားဈေး ၅,၉၇၀,၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။

**Source: BETV Business**

## ပေါ်ဆန်းဆန်ဈေး တည်ငြိမ်မှန်ကန်စေရေး စားသုံးသူများထံ တိုက်ရိုက်ရောင်းပေးမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပေါ်ဆန်းဆန်ဈေးနှုန်းတွေ တည်ငြိမ်မှန်ကန်စေရေးအတွက် စားသုံးသူတွေထံ တိုက်ရိုက်ရောင်းချမဲ့အစီအစဉ်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ကြေညာပါတယ်။

နိုဝင်ဘာလ ၂၆ ရက်နေ့မှစတင်ပြီး စားသုံးသူအိမ်ထောင်စုတွေထံ အိတ်အကြီး (၁၀၈ ပေါင် – ၂၄ ပြည်) ကို အိမ်အရောက်စနစ်၊ အိတ်အသေး (10 Kg, 5Kg) တွေကို ရပ်ကွက်တွေ၊ ဈေးတွေဆီ လှည့်လည်ရောင်းချပေးမယ်လို့ ဆိုပါတယ်။ အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့က ပူးပေါင်းဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းက ရွှေဘိုပေါ်ဆန်းနဲ့ ဧရာဝတီပေါ်ဆန်း သိုလှောင်ဖြန့်ဖြူး ရောင်းချနေသူတွေ၊ လက်လီဆိုင်တွေ အနေနဲ့ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဝါးတန်းကုန်စည်ဒိုင်တို့နဲ့ ဆက်သွယ်ပြီး ပူးပေါင်းပါဝင်ဖို့ လိုအပ်တယ်လို့ သိရပါတယ်။

မိမိတို့ လက်ဝယ်သိုလှောင်ထားတဲ့ ပေါ်ဆန်းဆန်တွေကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်စွာနဲ့ ဈေးကွက်အတွင်းကို စဉ်ဆက်မပြတ် ထုတ်ရောင်းပေးဖို့နဲ့ သိုလှောင်ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း (လုံးဝ) မပြုလုပ်ဖို့ အသိပေးထားပါတယ်။

စီးပွားရေးအလို့ငှာ ဆန်စပါးသိုလှောင်မှုကို မြန်မာဆန်စပါးအွန်လိုင်း (MyRO) မှာ မှတ်ပုံတင်ရမှာဖြစ်ပြီး သိုလှောင်ဖြန့်ဖြူးရောင်းချတဲ့ လုပ်ငန်းတွေအနေနဲ့ MyRO စနစ်မှာ မှတ်ပုံတင်ဖို့၊ ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်စာရင်းတွေကို လစဉ် လဆန်း ၁ ရက်နေ့မှ ၇ ရက်နေ့အတွင်း MyRO မှာ စာရင်းထည့်သွင်းခြင်းကို မပျက်မကွက် လိုက်နာဆောင်ရွက်ဖို့ ထပ်မံအသိပေးတိုက်တွန်းထားပါတယ်။

**Source:  BETV Business**

## ကော့သောင်းဆိပ်ကမ်းအနီးတွင် အပြည်ပြည်ဆိုင်ရာ ကမ်းရိုးတန်းဆိပ်ကမ်းသစ် တည်ဆောက်ရန် စီစဉ်နေ

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဆိပ်ကမ်းအနီးမှာ အပြည်ပြည်ဆိုင်ရာ ကမ်းရိုးတန်းဆိပ်ကမ်းသစ်တစ်ခု တည်ဆောက်ဖို့ စီစဉ်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (MPA) ကနေ သိရပါတယ်။

ကော့သောင်းဆိပ်ကမ်း၊ တော်ဝင်သံကူကွန်ကရစ် ဆိပ်ခံတံတားရဲ့ တောင်ဘက်ကပ်လျက် မြေနေရာမှာ တည်ဆောက်နိုင်ရေးအတွက် တိုင်းတာခြင်း၊ လေ့လာဆန်းစစ်ခြင်းနဲ့ ပုံစံဒီဇိုင်းများ ရေးဆွဲခြင်းလုပ်ငန်းတွေ ဆောင်ရွက်သွားမှာပါ။ ဒါ့ကြောင့် အတွေ့အကြုံရှိပြီး စိတ်ပါဝင်စားတဲ့ ကုမ္ပဏီတွေအနေနဲ့ တင်ဒါတင်သွင်းကြဖို့ MPA က ဖိတ်ခေါ်ထားပါတယ်။

တင်ဒါပုံစံကို အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်မှာ ယခုလ ၂၀ ရက်မှ ၂၈ ရက်နေ့အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း ထုတ်ပြန်ထားပါတယ်။ ဒီဇင်ဘာလ ၅ ရက်နေ့မှာတော့ တင်ဒါဖွင့်လှစ်သွားမှာဖြစ်ပြီး အသေးစိတ်အချက်အလက်တွေကို မြို့ပြအင်ဂျင်နီယာဌာနထံ မေးမြန်းစုံစမ်းနိုင်ကြောင်း တင်ဒါလက်ခံရေးနှင့် စိစစ်ရေး

ကော်မတီကနေ သိရပါတယ်။

ယခုအခါ ထိုင်း – မြန်မာ ရေကြောင်းကုန်သွယ်မှုအတွက် ရနောင်း – ကော့သောင်း – ရနောင်း ရေလမ်းကြောင်းကတစ်ဆင့် သွင်းကုန်လိုင်စင်တွေ ဦးစားပေး ခွင့်ပြုနေတာကြောင့် ကော့သောင်းမြို့မှာ အပြည်ပြည်ဆိုင်ရာ ကမ်းရိုးတန်းဆိပ်ကမ်းသစ်တစ်ခု တည်ဆောက်ဖို့ ပြင်ဆင်နေတာလည်း ဖြစ်ပါတယ်။

မူလရှိပြီးဖြစ်တဲ့ တော်ဝင်သံကူကွန်ကရစ် ဆိပ်ခံတံတားကိုလည်း ကရိန်းတွေနဲ့ ကုန်တင်သင်္ဘောတွေ ပိုမိုလက်ခံနိုင်အောင် အကြီးစားပြင်ဆင်မှုတွေ ပြုလုပ်ထားတယ်လို့ သိရပါတယ်။

**Source:  BETV Business**

## MMQR ကို နိုင်ငံဖြတ်ကျော် ပေးချေမှုများအထိ ချိတ်ဆက်ဆောင်ရွက်သွားမည်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဦးဆောင်ကြီးကြပ်နေတဲ့ Myanmar Pay ရဲ့ ကျူအာကုဒ် (QR Code) အခြေပြု ငွေပေးချေမှုစနစ် MMQR ကို နိုင်ငံဖြတ်ကျော် ပေးချေမှုတွေအထိ ချိတ်ဆက်ဆောင်ရွက်သွားမယ်လို့ ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောပါတယ်။

ဒါ့ကြောင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ မြန်မာနိုင်ငံရဲ့ Payment Industry အတွင်းက Stakeholder တွေအားလုံး ပါဝင်တဲ့ပုံစံနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်လို့ နိုဝင်ဘာ ၁၈ ရက်နေ့ အစည်းအဝေးမှာ ဆိုခဲ့ပါတယ်။

ဗဟိုဘဏ်အနေနဲ့ MMQR မှာ စနစ်ပိုင်ရှင်၊ ကြီးကြပ်သူအဖြစ် ပါဝင်ပြီး ငွေရေးကြေးရေးကဏ္ဍမှာ ပါဝင်ဆောင်ရွက်နေတဲ့ ဘဏ်တွေ၊ လိုင်စင်ရရှိထားတဲ့ မိုဘိုင်းငွေရေးကြေးရေးအဖွဲ့အစည်းတွေ၊ ရောင်းချသူကိုယ်စားလှယ်တွေ၊ ငွေကောက်ခံရှင်းလင်းတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ မြန်မာငွေပေးချေမှုအဖွဲ့တို့မှ ပူးပေါင်းပါဝင်မှုပုံစံနဲ့ ဆောင်ရွက်ဖို့ လျာထားတယ်လို့ သိရပါတယ်။

နိုဝင်ဘာ ၁၉ ရက်နေ့ကပြုလုပ်ခဲ့တဲ့ အာဆီယံဘဏ်လုပ်ငန်းကောင်စီ အစည်းအဝေးမှာလည်း အမျိုးသား ကျူအာကုဒ်ဖြစ်တဲ့ MMQR ကို ပြည်တွင်းမှာ ငွေပေးချေမှုတွေ လွယ်ကူချောမွေ့စေပြီး နိုင်ငံဖြတ်ကျော်ပေးချေမှုတွေကိုပါ ဆောင်ရွက်နိုင်အောင် အကောင်အထည်ဖော်ခဲ့တာလို့ ဒေါ်သန်းသန်းဆွေက ပြောကြားခဲ့ပါတယ်။

MMQR ကို System Operator အဖြစ် Pay+ Co., Ltd. က ဆောင်ရွက်နေပြီး စနစ်အတွင်း AYA Pay ၊ KBZ Pay ၊ Wave Money ၊ OK Dollar ၊ UAB Pay ၊ A+ Wallet ၊ CB Bank ၊ Zego Money ၊ Trusty Pay ၊ CTZ Pay စတာတွေနဲ့ ချိတ်ဆက်အသုံးပြုနိုင်တယ်လို့ သိရပါတယ်။

**Source: BETV Business**

## ရပ်ဆိုင်းထားသည့် ပဲတီစိမ်းနှင့်ငှက်ပျောတင်ပို့မှုကို တရုတ်ဘက်က ဖြေလျှော့ပေးမည်



မြန်မာနိုင်ငံမှ ပဲတီစိမ်း တင်ပို့သည့် ကုမ္ပဏီ ၂၅ ခုနှင့် ငှက်ပျောတင်ပို့သည့် ကုမ္ပဏီ ခုနစ်ခုတို့ကို ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏကြောင့် ရပ်ဆိုင်းထားသည့်အတွက် တင်ပို့မှုကို တရုတ်ဘက်က ဖြေလျှော့ပေးရန် သဘောတူညီခဲ့ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ ဖိတ်ကြားချက်အရ ၉ ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်

အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး သဘောတူညီမှု ရယူခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) ဒုတိယဝန်ကြီး Mr.Zhao Zeng Lian ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး တင်ပို့ခွင့် ဖြေလျှော့ပေးရန် ဆွေးနွေးမှုအပေါ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့သည်။

ထို့ပြင် လက်မှတ်ရေးထိုးရန် ပေးပို့ထားသည့် Protocol များနှင့် စပ်လျဉ်း၍ GACC ၏ သက်ဆိုင်ရာ သီးနှံ၊ အသား၊ ငါးကဏ္ဍအလိုက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဆက်လက်ဆောင်ရွက်ပေးရန် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ငှက်သိုက်တင်ပို့မှု လုပ်ငန်းစဉ်အတွက် လိုအပ်သော အထူးသဘောတူညီချက်နှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း GACC ဘက်မှ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**Source: The Standard Time Daily**

## "တစ်ပတ်အတွင်း သီးနှံဈေးကွက် သုံးသပ်ချက်" ( ၁၇. ၁၁.၂၀၂၅ မှ ၂၁.၁၁. ၂၀၂၅ ရက်အတွင်း)

မန္တလေးဈေးကွက်မှာ ပဲတီစိမ်းက ဈေးဆက်တိုက်ကျလာပါတယ်။ ယခုတစ်ပတ်မှာတော့ သုံးတင်းဝင် တစ်အိတ်ကို ၅၀၀၀ ကျပ်နှုန်း ဈေးကျလာတာဖြစ်ပါတယ်။ မိုးပဲတီစိမ်းအသစ်တွေ ဈေးကွက်ထဲ ဝင်ရောက်မှုရှိနေပြီး ပြည်ပအဝယ်အေးသွားတဲ့အတွက် ဈေးပြန်ကျတာဖြစ်တယ်လို့ သိရပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ယခုတစ်ပတ်မှာ ဈေးကွက်အတက်အကျ အပြောင်းအလဲ ကြီးကြီးမားမား မရှိတာတွေ့ရပါတယ်။ မတ်ပဲစိုက်တဲ့ကာလ ရောက်နေတဲ့အပြင် အိန္ဒိယကလည်း မတ်ပဲဝယ်လိုအားနည်းတဲ့အတွက် ဈေးကွက်လည်း အရောင်းအဝယ်အေးနေပါတယ်။ မတ်ပဲ FAQ ရဲ့ FOB ဈေးကတော့ အရင်အပတ်ကထက် ၅ ဒေါ်လာ ထပ်ကျသွားပြီး အမေရိကန် ဒေါ်လာ ၆၈၀ မှ ၆၉၀ အတွင်းသာ ရှိပါတယ် ။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့က ၂၆,၀၈,၀၀၀ ကျပ်၊ အင်္ဂါနေ့က ၂၆,၀၇,၀၀၀ ကျပ်၊ ဗုဒ္ဓဟူးနေ့ကတော့ ၂၆,၂၀,၀၀၀ ကျပ်၊ ကြာသပတေးနေ့မှာ ၂၆,၁၆,၀၀၀ ကျပ်ရှိပြီး သောကြာနေ့မှာတော့ ၂၆,၃၂,၀၀၀ ကျပ် ဈေးရှိပါတယ်။ အရင်အပတ်နဲ့ယှဉ်ရင်တော့ မတ်ပဲက ပါးပါးလေး အတက်ရှိပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံနီကတော့ ယခုတစ်ပတ်မှာ တစ်တန်ကို ၁၀,၀၀၀ ကျပ်လောက် အကျပြပါတယ်။ ပဲစင်းငုံက လက်ကျန်မရှိသလောက်နည်းနေပေမဲ့ ပြည်ပအဝယ်အေးတာကြောင့် ဈေးလည်းအကျဘက်မှာပဲ ရှိနေတာဖြစ်ပါတယ်။ FOB ဈေးနှုန်းကတော့ အတက်အကျမရှိဘဲ အမေရိကန်ဒေါ်လာ ၆၇၀ မှ ၆၈၀ အတွင်းမှာပဲ ငြိမ်နေဆဲဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့က ၂၅,၉၀,၀၀၀ ကျပ်၊ အင်္ဂါနေ့က ၂၅,၈၅,၀၀၀ ကျပ်၊ ဗုဒ္ဓဟူးနေ့ကတော့ ၂၆,၁၅,၀၀၀ ကျပ်ရှိပြီး၊ ကြာသပတေးနဲ့သောကြာနေ့မှာတော့ ၂၆,၀၇,၀၀၀ ဈေးရှိပါတယ်။ အရင်အပတ်က တနင်္လာကနေ သောကြာနေ့မှာဆိုရင် ပဲစင်းငုံနီတစ်တန်ကို ၂၆,၀၂,၀၀၀ မှ ၂၆,၁၅,၀၀၀ ကျပ်ရှိခဲ့ပြီး အနည်းငယ်ဈေးကျဆင်းပါတယ်။

**ပဲတီစိမ်း**

မန္တလေးဈေးကွက်မှာ ပဲတီစိမ်းက ဈေးဆက်တိုက်ကျလာပါတယ်။ ယခုတစ်ပတ်မှာတော့ သုံးတင်းဝင် တစ်အိတ်ကို ၅၀၀၀ ကျပ်နှုန်း ဈေးကျလာတာဖြစ်ပါတယ်။ မိုးပဲတီစိမ်းအသစ်တွေ ဈေးကွက်ထဲ ဝင်ရောက်မှုရှိနေပြီး ပြည်ပအဝယ်အေးသွားတဲ့အတွက် ဈေးပြန်ကျတာဖြစ်တယ်လို့ သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ ပဲတီစိမ်း သုံးတင်းတစ်အိတ်က ၅၆ ဒသမ ၂၅ ပိဿာကို ၃၂၀၀၀၀ မှ ၃၄၀၀၀၀ ကျပ် ရှိပါတယ် ။ အရင်အပတ်က ၃၂၅၀၀၀ မှ ၃၄၅၀၀၀ ကျပ်ရှိခဲ့ပြီး ၅၀၀၀ လောက် ဈေးကျဆင်းပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲတီစိမ်းခရမ်းရွှေဝါနဲ့ ပဲတီစိမ်း ပဲခူးရွှေဝါတို့က တစ်ပိဿာကို ၆၇၅၀ ကျပ်ရှိပြီး ပဲတီစိမ်း အညာက ၅၃၃၀ ကျပ်မှ ၅၃၅၀ ကျပ်နဲ့ ပဲတီစိမ်း ဝါးခယ်မက ၆၀၈၀ မှ ၆၁၀၀ ကျပ်ရှိပါတယ်။

AMIA မှ ပေးပို့ပါသည်။

**Source: https://t.me/htwettoe**

## ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ထိုင်းဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့နိုင်ရေးနှင့်စပ်လျဥ်း၍ ဆွေးနွေးမှု စတင်သွားရန်ရှိ

တရုတ်နိုင်ငံသို့ ထိုင်းဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့မှုနှင့်ပတ်သက်၍ လယ်ယာထွက်ကုန်များ ထုတ်လုပ်တင်သွင်းခြင်းတွင် ပါဝင်ဆောင်ရွက်သည့် တရုတ်အစိုးရပိုင် Cofco ကော်ပိုရေးရှင်းနှင့် နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန(DFT)တို့အကြား ဆွေးနွေးမှု စတင်သွားရန်ရှိကြောင်းကို ဗန်ကောက်ပို့စ်သတင်းစာတွင် “China rice deal negotiations in the offing” ခေါင်းစဉ်ဖြင့် ဖော်ပြထားပါသည်။

တရုတ်သည် ယခင်အစိုးရနှင့်အစိုးရ(G2G)ကတိကဝတ်များထက် ထူးခြားသော တန်ချိန် ၂၈၀,၀၀၀ အပါအဝင် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၅၀၀,၀၀၀ ကိုဝယ်ယူရန် သဘောတူခဲ့ကြောင်း၊ နောက်တစ်ဆင့်မှာ ပေးပို့ရမည့်အချိန်ဇယားကို Cofco နှင့် ဆွေးနွေးညှိနှိုင်းရမည်ဖြစ်ကြောင်း၊ မိမိတို့ဌာနနှင့် Cofco အကြား ယခင်က ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း ယခုညှိနှိုင်းမှု မစတင်မီ တရုတ်အစိုးရထံမှ တရားဝင်အတည်ပြုပေးစာကို စောင့်ရမည်ဖြစ်ကြောင်း၊ ပုံမှန်အားဖြင့် တရုတ်နိုင်ငံနှင့် G2G ဆန်ဝယ်ယူမှု သဘောတူညီချက်များတွင် ပေးပို့သည့်အချိန်ကာလသည် တစ်နှစ်ဖြစ်ပြီး ယင်းကာလအတွင်း ပေးပို့မှုမပြည့်မီပါက သက်တမ်းတိုးရန် နှစ်စဉ်ညှိနှိုင်းလျက်ရှိကြောင်း၊ ယင်းသဘောတူညီချက်အတွက် ဌာနအနေဖြင့် ကောက်ညှင်းဆန်အပါအဝင် ဆန်မျိုးစုံကို ကမ်းလှမ်းဖို့စီစဉ်ထားပြီး ယခင်ရောင်းချမှုတွင် ဆန်ဖြူ ၅ ရာခိုင်နှုန်းကို ကန့်သတ်ထားပါကြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Arada Fuangtong က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၅၀၀,၀၀၀ ကို တရုတ်နိုင်ငံမှ ဝယ်ယူရန် ရည်မှန်းထားသည်ဟု သတင်းများထွက်ပေါ်ပြီးနောက် ဈေးကွက်သဘောထားတိုးတက်လာကြောင်း၊ ဆန်ဈေးများတည်ငြိမ်နေပြီး ထပ်မံကျဆင်းဖွယ်ရှိကြောင်း၊ ဆန်စက်များနှင့် တင်ပို့ရောင်းချသူများအပါ အဝင် သက်ဆိုင်သူများသည် တိုးတက်မှုများကို အနီးကပ်စောင့်ကြည့်နေပြီး အမှန်တကယ် ပေးပို့ရမည့်အချိန်ဇယားတွင် နောက်ထပ်အသေးစိတ်အချက်အလက်များကို စောင့်မျှော်နေသဖြင့် ကုန်များကို ကိုင်ထား ပါကြောင်း၊ G2G ဆန်ရောင်းချမှုသည် လိုအပ်သော တရားဝင်လုပ်ထုံးလုပ်နည်းများနှင့် စာချုပ်အစီအစဉ်များအတွက် နှစ်လခန့် လိုအပ်သောကြောင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အဆိုပါတင်ပို့မှုများသည် လာမည့်နှစ်တွင်စတင်မည်ဟု မျှော်လင့်ရကြောင်း ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Chookiat Ophaswongse က ပြောကြားခဲ့သည်။

တစ်လလျှင် တန်ချိန်တစ်သိန်းကဲ့သို့ အသုတ်လိုက်တင်ပို့ပါက ပြည်တွင်း ဆန်ဈေးမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း၊ G2G သဘောတူညီချက်အရ အစိုးရသည် ဆန်စပါးဝယ်ယူရေးဈေးကွက်တွင် အပြိုင်အဆိုင်ဖန်တီးကာ တင်ပို့ရောင်းချရန် တင်ပို့သူ အများအပြားကို သတ်မှတ်ပေးကြောင်း၊ သို့သော်လည်း ယခုနှစ်တွင် ထိုင်းဆန်ကို မတင်သွင်းရသေးသည့် အင်ဒိုနီးရှားနှင့် လာမည့်နှစ် ဆန်ဝယ်ယူမည့်အစီအစဉ်ကို အပြီးသတ်နေသည့် ဖိလစ်ပိုင်တို့ကြောင့် ဈေးနှုန်းအတက်အကျ အလယ်အလတ် ရှိမည်ဟု မျှော်လင့်ရကြောင်း၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဆန်တင်ပို့ခွင့်လိုင်စင်များ စုစုပေါင်းတန်ချိန် ၆ ဒသမ ၆၅ သန်းတင်ပို့မှုမှတ်တမ်းဝင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၀ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ ယခုနှစ်၏ ကျန်လများ(နိုဝင်ဘာနှင့် ဒီဇင်ဘာလ)တွင် တစ်လလျှင် ပျမ်းမျှတန်ချိန် ၇ သိန်းခန့်တင်ပို့ပါက ထိုင်းဆန်တင်ပို့သည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၈ သန်း ကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း Mr. Chookiat က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ရုရှားနိုင်ငံ၏ ဝိုင်တင်သွင်းမှု ၉ လအတွင်း သုံးပုံတစ်ပုံခန့် ကျဆင်း

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ၉ လတာကာလအတွင်း ရုရှားနိုင်ငံ၏ ဝိုင်တင်သွင်းမှု ပမာဏသည် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံခန့် ကျဆင်းသွားကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Dmitry Patrushev က ရုရှားဝိုင်ထုတ်လုပ်ရေးဖိုရမ်၏ မျက်နှာစုံညီ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပြည်တွင်းစပျစ်စိုက်ပျိုးခြင်းနှင့် စပျစ်ဝိုင်ထုတ်လုပ်ခြင်းကို ကျယ်ပြန့်စွာပံ့ပိုးရန်ဆောင်ရွက်ခြင်း၊ ပြည်ပမှ ဝိုင်ထွက်ပစ္စည်းများကို လုံးဝစွန့်လွှတ်ခြင်းနှင့် ဝိုင်တင်သွင်းမှုကျဆင်းခြင်းသည် အစိုးရမှ စတင်အကောင်အထည်ဖော်ခဲ့သည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အစီအမံများ၏ ရလဒ်တစ်ခုဖြစ်လာပြီး ယခုနှစ်ဝိုင်တင်သွင်းမှုသည် ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံခန့်ကျဆင်းသွားကြောင်း ၎င်းက ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှစ၍ ပြည်တွင်းထုတ်ကုန်များ၏ ဈေးကွက်ဝေစုပမာဏသည် စတင်ကြီးထွားလာခဲ့ပြီး ၅၈ ရာခိုင်နှုန်းမှ ၆၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ နိုင်ငံ၏ဘုံရည်မှန်းချက်မှာ ပြည်တွင်းထုတ်ဝိုင်များ ဈေးကွက်မြှင့်တင်ရေးကို စနစ်တကျဆောင်ရွက်ရန်ဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုခဲ့သည်။

ပထမဆုံးအနေဖြင့် ပြည်တွင်းထုတ်ဝိုင်များ၏ အမျိုးအစားစုံလင်မှု ပိုမိုများပြားလာရန်လိုအပ်ပြီး နိုင်ငံသားများအနေဖြင့် ရွေးချယ်စရာများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လက်လီလက်ကား ရောင်းဝယ်ရေးနှင့် အများပြည်သူဆိုင်ရာ စားသောက်ကုန်လုပ်ငန်းများ၌ ဝိုင်အမျိုးအစားများ တည်ငြိမ်စွာချဲ့ထွင်လာခြင်းသည် အားရစရာကောင်းသော အချက်တစ်ခုဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ နှစ်စဉ်ဝိုင်တင်သွင်းမှုပမာဏသည် တန်ဖိုး အမေရိကန်ဒေါ်လာ ၉၀၀ သန်းခန့်ရှိပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၁၉ ဒသမ ၈၉ သန်း တင်သွင်းခဲ့သည်။ ရုရှားနိုင်ငံသို့ အဓိကတင်ပို့ခဲ့သော နိုင်ငံများမှာ အီတလီ ၂၄၉ ဒသမ ၆၃ သန်း၊ ဂျော်ဂျီယာ ၁၈၂ ဒသမ ၆၁ သန်း၊ လတ်ဗီးယား ၁၃၁ ဒသမ ၂၈ သန်း၊ ပိုလန် ၆၃ ဒသမ ၅၁ သန်း၊ ပေါ်တူဂီ ၃၅ ဒသမ ၃၃ သန်းနှင့် ဂျာမနီ ၃၂ ဒသမ ၇၇ သန်း စသည့်နိုင်ငံများဖြစ်ပါသည်။

**Source : https://www.interfax.ru/russia/1057777**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## STOCK EXCHANGE (24.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Nov, 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,607 (Shares) | 12,908,650 (MMK) |

**Stock trading**

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 573 | 4,927,800 | 33,109,694 | 284,743 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,600 | 28 | 100,800 | 38,929,150 | 140,145 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 40 | 304,000 | 10,400,986 | 79,048 |
| FPB | 00004 | 2,150 | +50 | +2.38% | 2,100 | 2,150 | 2,100 | 1,168 | 2,485,300 | 29,664,613 | 63,779 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,850 | 2,850 | 2,850 | 358 | 1,020,300 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,700 | 1,700 | 1,650 | 2,429 | 4,030,850 | 19,977,223 | 33,961 |
| AMATA | 00007 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,600 | 11 | 39,600 | 10,497,598 | 37,791 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 0 | 0 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 24th Nov. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.16 | -0.08 | -0.02% | 397.90 | 398.16 | 396.84 | 4,607 | 12,908,650 | 8 | 750,999 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:00 am, 25th Nov. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,176 (Shares) | 8,656,300 (MMK) |

| MYANPIX | 399.13 ▲ 0.97 |
|---|---|
| Total Volume (shares) | 654 |
| Total Value (MMK) | 2 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,827 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 2,100 | ▼ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,600 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 0 |